# သာမန်ကာလ (၂၈)ကြိမ်မြောက် တနင်္ဂနွေနေ့

ရှင်မာတေဦး ၂၂း၁-၁၄

ဒီနေ့ ဖတ်ရတဲ့ ဧဝံဂေလိကျမ်းစာမှာ သခင်ယေဇူးက မင်္ဂလာပွဲပုံဥပမာကို မိန့်တော်မူပါတယ်။ ဘုရင်တစ်ပါးက သူ့ရဲ့သားတော်အတွက် မင်္ဂလာပွဲကြီးတစ်ခုကို ပြင်ဆင်ပြီး လူတွေကို ဖိတ်ခေါ်ပါတယ်။ ဒါပေမဲ့ ဖိတ်ကြားခံရတဲ့လူတွေက မလာချင်ကြပါဘူး။ ဒါကြောင့် ဘုရင်က အမှုထမ်းတွေကို လမ်းဆုံလမ်းခွတွေဆီသွားပြီး တွေ့သမျှလူတိုင်းကို ဖိတ်ခေါ်ဖို့ မိန့်တော်မူပါတယ်။

ဒီပုံဥပမာရဲ့ အဓိကသတင်းစကားက ဘာလဲ။

ပထမအချက်ကတော့ ဘုရားသခင်က **လူတိုင်းကို** မိမိရဲ့ကောင်းကင်နိုင်ငံတော်ထဲပါဝင်ဖို့ ထာဝရအသက်ရစေဖို့ ဖိတ်ခေါ်တော်မူပါတယ် ဆိုတာပါပဲ။ ဘုရားက လူကောင်းတွေကိုသာ ဖိတ်ခေါ်တာ မဟုတ်ပါဘူး။ အပြစ်သားတွေ၊ အားနည်းသူတွေ၊ ကျရှုံးသူတွေ၊ ဝမ်းနည်းနေသူတွေနဲ့ ဘုရားသခင်နဲ့ ဝေးကွာနေသူတွေကိုလည်း ဖိတ်ခေါ်ပါတယ်။

ဘုရားသခင်ရဲ့ မေတ္တာတော်က လူတိုင်းအတွက် ဖြစ်ပါတယ်။ ကျွန်ုပ်တို့ဟာ ဘယ်လောက်ပဲ အားနည်းနေပါစေ၊ ဘယ်လောက်ပဲ အမှားလုပ်ခဲ့ပါစေ၊ ဘုရားသခင်ထံ ပြန်လာနိုင်ပါတယ်။

ဒါကြောင့် ကျွန်တော်တို့လည်း **လူတိုင်းကို ကြိုဆိုတတ်တဲ့အသင်းတော်** ဖြစ်ရပါမယ်။ အထီးကျန်သူတွေ၊ ဆင်းရဲဒုက္ခရောက်နေသူတွေ၊ ဘာသာရေးနဲ့ ဝေးကွာနေသူတွေကို ချစ်တဲ့စိတ်နဲ့ လက်ခံပေးရမယ်၊ ဖိတ်ခေါ်ရမယ်၊ ကြိုဆိုရမှာ ကျနော်တို့ရဲ့ တာဝန်ပဲ။

ဒုတိယအချက်အနေနဲ့ ဘုရားသခင်ရဲ့ ဖိတ်ခေါ်တာကို ကျနော်တို့က လက်ခံရုံနဲ့ မပြီးသေးဘူး ဆိုတာပါပဲ။

ဧဝံဂေလိကျမ်းစာမှာ မင်္ဂလာပွဲကို ရောက်လာပေမဲ့ မင်္ဂလာပွဲဝတ်စုံကို မဝတ်ထားတဲ့ လူတစ်ယောက်အကြောင်းကိုလည်း ကြားရပါတယ်။ ဒီမင်္ဂလာဝတ်စုံဆိုတာက ကျွန်ုပ်တို့ရဲ့ဘဝကို ခရစ်တော်ရဲ့တရားတော်နဲ့အညီ ပြောင်းလဲနေထိုင်တာပါပဲ။ ဒါကို ကျမ်းစာအသုံးအနှုန်းအရ "ခရစ်တော်ကို ယူဆောင်ဝတ်ဆင်တယ်" လို့ သုံးနှုန်းကြပါတယ်။ ခရစ်ယာန်ဖြစ်တယ်လို့ ပြောရုံနဲ့ မလုံလောက်ပါဘူး။ ဆေးကြောခြင်းခံရုံ၊ ဘုရားကျောင်းတက်ရုံနဲ့လည်း မလုံလောက်ပါဘူး။ ကျနော်တို့ရဲ့နေ့စဉ်ဘဝမှာ ခရစ်တော်အတိုင်း ချစ်တတ်တာ၊ ခွင့်လွှတ်တတ်တာ၊ သနားတတ်တာ၊ နှိမ့်ချတတ်တာတွေ ရှိရပါမယ်။ ကိုယ့်ကို မတရားပြုသူကို ခွင့်လွှတ်နိုင်သလား၊ လိုအပ်နေသူတွေကို ကူညီတတ်သလား။ သူတစ်ပါးရဲ့အားနည်းချက်တွေကို နားလည်ပေးတတ်သလား။ ဒါတွေအားလုံးက ကျနော်တို့ မင်္ဂလာပွဲဝတ်စုံကို ဝတ်ဆင်ထားခြင်း ရှိ/မရှိ စစ်ဆေးနိုင်တဲ့ အချက်တွေ ပါပဲ။

တတိယအချက်ကတော့ ဘုရားသခင်နဲ့အတူ အသက်ရှင်ရတာကို တကယ့်ပျော်ရွှင်ခြင်းအစစ်ပါပဲ။ ဒုတိယကျမ်းစာမှာ ရှင်ပေါလူးက "ငါသည် နိမ့်ကျချိန်၌လည်းကောင်း၊ ပေါများကြွယ်ဝချိန်၌လည်းကောင်း မည်သို့နေထိုင်ရမည်ကို သိ၏။

ဝလင်အောင်စားရသည်ဖြစ်စေ၊ ဆာလောင်ငတ်မွတ်သည်ဖြစ်စေ၊ ပိုလျှံနေသည်ဖြစ်စေ၊ ချို့တဲ့နေသည်ဖြစ်စေ၊ အခြေအနေအရပ်ရပ်တို့၌ ကျေနပ်ရောင့်ရဲစွာနေနိုင်သည့်လျှို့ဝှက်ချက်ကို ငါ သင်ယူခဲ့ပြီးဖြစ်၏။ ငါ့ကို ခွန်အားပေးတော်မူသောအရှင်အားဖြင့် ငါသည် အရာခပ်သိမ်းတို့ကို တတ်စွမ်းနိုင်၏" တဲ့။ ရှင်ပေါလူးက အဲ့လို ချမ်းသာတာရော၊ ဆင်းရဲဒုက္ခရော ခရစ်တော်အားဖြင့် ဘာမှကို မကြောက်တော့ဘူး။ ဆင်းရဲဒုက္ခလည်း မကြောက်တော့ဘူး၊ အိုမှာလည်း မကြောက်တော့ဘူး၊ ဖျားနာနေလည်း မကြောက်တော့ဘူး၊ သေမှာလည်း မကြောက်တော့ဘူး။ ဘုရားက အိုခြင်း၊ နာခြင်း၊ သေခြင်း မရှိတော့တဲ့ ကောင်းကင်နိုင်ငံတော် ပွဲတော်ကို ဖိတ်ကြားထားပေမဲ့ ရှင်ပေါလူးလို လူအတွက်ကတော့ မသေခင်ကတည်းက ကောင်းကင်ဘုံရောက်နေသလိုပဲ ပျော်နေပြီ၊ ဘာမှကို မကြောက်တော့တာပဲ။

ကျနော်တို့လည်း ဘဝမှာ အခက်အခဲတွေ၊ ဆင်းရဲဒုက္ခတွေ၊ ဝမ်းနည်းမှုတွေကို ကြုံတွေ့ရနိုင်ပါတယ်။ ဒါပေမဲ့ ဘုရားသခင်နဲ့အတူ ရှိနေမယ်ဆိုရင် ရှင်ပေါလူးလိုပဲ မျှော်လင့်ချက် မပျောက်ဆုံးနိုင်ပါဘူး။

ပထမကျမ်းစာထဲမှာ ဘုရားသခင်က လူတိုင်းကို ဖိတ်ခေါ်ထားတဲ့ပွဲတော်မှာ "ကိုယ်တော်သည် သေခြင်းတရားကို အပြီးအပိုင် ဖျက်ဆီးတော်မူပြီး၊ လူအားလုံးတို့၏ပါးပြင်မှ မျက်ရည်များကို သုတ်ပေးတော်မူလိမ့်မည်" ။ ဒါဟာ ကျနော်တို့ မျှော်လင့်စောင့်စားနေတဲ့ ကောင်းကင်နိုင်ငံရဲ့ ပျော်ရွှင်ခြင်းပါပဲ။

ဒါကြောင့် ယနေ့ ကျမ်းစာများမှ ကျနော်တို့ကို မေးခွန်း ၂ ခု မေးနေပါတယ်။ ပထမမေးခွန်းက "ဘုရားက ဖိတ်ခေါ်နေတာကို ကျနော်က လက်ခံနေပါသလား" ဆိုတာပါ။

ဒုတိယမေးခွန်းကတော့ "ကျနော်တို့ရဲ့ဘဝမှာ ခရစ်တော်ကို ယူတင်ဝတ်ဆင်နေပြီလား" ဆိုတာပါပဲ။

ဘုရားသခင်က ကျနော်တို့ အားလုံးကို ဖိတ်ခေါ်နေပါတယ်။ ဒါပေမဲ့ ကျနော်တို့က ခရစ်တော်ရဲ့တရားအတိုင်း အသက်ရှင်ဖို့ ကြိုးစားရပါမယ်။ ဒါကြောင့် ခရစ်တော်ကို ယူတင်ဝတ်ဆင်ကြပါစို့။ အဲဒီလို ခရစ်တော်အတိုင်း ကျင့်ကြံနေထိုင်ရင် ရှင်ပေါလူးလို ဘာကိုမှ မကြောက်တော့ပဲ ကောင်းကင်နိုင်ငံတော်ထဲမှာ အခု မသေခင်ကတည်းက ရောက်နေသလို ပျော်ရွှင်စွာနဲ့ ၊ စိတ်ဓါတ်မကျပဲ မျှော်လင့်ချက်ကြီးကြီးနဲ့ နေထိုင်အသက်ရှင်နိုင်ပါလိမ့်မယ်။

နားဆင်သူအားလုံးအပေါ် ဘုရားသခင်ရဲ့ကောင်းကြီးမင်္ဂလာများ ခံစားကြရပါစေ